MAUNG PO AND THE TIGER

(STATUS QUO OF MG PO AND THE TIGER)

# မောင်ပို့နှင့်ကျား

# (ပို့နေမြဲ ကျားနေမြဲ)

**အခန်း (၁)**

(မောင်ပိုတောတွင်း၌ လမ်းလျှောက်ရာမှ အသံတစ်ခုကြားပြီးနောက် မွေးခါစကျားငယ်တစ်ကောင်ကို တွေ့လေသည်)

**ကျား** ။ ညောင် – ညောင် ။

**ပို** ။ ငါထွက်ပြေးမှာဘဲ၊ ဒီကျားကလေးရဲ့အမေကျားမကြီးတော်တော်ကြာတော့ပြန်လာရင် ငါအကိုက်ခံရလိမ့်မယ်။

**ကျား** ။ ညောင် – ညောင်။ ထွက်မပြေးပါနဲ့၊ ကျွန်တော်တစ်ကောင်ထဲပါ။ ဘာမှမစားရသေးဘူး။ အစာတော်လို့သေတော့မယ်ထင်တာဘဲဗျာ။ ကျွန်တော့်အမေကသေနပ်နဲ့အပစ်ခံရလို့သေပြီဗျ။ ကျွန်တော့်အဖေကထောင်ချောက်ထဲမှာ အမိခံနေရတယ်။ သူလဲသေမှာပါဘဲ။ ကူညီပါအုန်းဗျာ။
(ဟီး – ဟီး)

**ပို** ။ ငါလမ်းမှာကြွက်ကလေးတစ်ကောင်ဖမ်းလာခဲ့တယ်။ မင်းကြွက်စားမလား၊

**ကျား** ။ ဘယ်ကလာကြွက်သားစားရမှာလဲဗျာ။ ဟာ – ကျွန်တော်ကမွေးခါက ကျားငယ်ငယ်ကလေး တစ်ကောင်ပါ။ ကျွန်တော်ကျားနို့ဘဲသောက်ချင်တယ်ဗျာ။
(နောက်တစ်နေ့မှာ မောင်ပိုကနွားနို့ယူခဲ့သည်)

**ကျား** ။ ကျေးဇူးတင်လိုက်တာဗျာ။ ခင်ဗျားကကျွန်တော့်အသက်ကိုကယ်လိုက်တာဘဲဗျ။ ခင်ဗျားနဲ့ကျွန်တော်နဲ့ သူငယ်ချင်းတွေ မဖြစ်နိုင်ဘူးလားဟင်

**ပို** ။ (ကျားကလေးကို ပွတ်သတ်ပြီးလျှင်) မင်းကကြောင်ကလေးတစ်ကောင်နဲ့တူတယ်။ ငါ–မင်းကိုမွေးရမလား။

**ကျား** ။ ဟာ – ငါကငယ်ရင်ငယ်မယ်။ ဒါပေမဲ့ငါက ကျားဆိုတဲ့တောရိုင်းတိရိစ္ဆာန်တစ်ကောင်ပါကွ။ ငါ့ကိုယုံယုံကြည်ကြည် – လေးလေးစားစားဆက်ဆံရင်တော့ ငါတို့သူငယ်ချင်းတွေအဖြစ်နေနိုင်ကြမှာပေါ့။ မင်းနဲ့ငါနဲ့ဟိုရှေ့ကဝါးပင် တွေနားအထိအပြေးပြိုင်ကြမယ်။ တစ်နှစ်၊ သုံး။ ပြေးကြစို့ဟေ့
(အပြေးပြိုင်ကြသည်။)

**ပို** ။ ငါနိုင်တယ်ကွ။

**ကျား** ။ မင်းကခဏဘဲနိုင်မှာပါကွ။ မင်းနဲ့ငါနဲ့ဒီသစ်ပင်အပေါ် တက်ကြမယ်လေ။

**ပို** ။ (သစ်ပင်ပေါ်တက်ရန်ကြိုးစားရာ အနည်းငယ်မျှသာ တတ်နိုင်သည်) ဟာ – ငါသစ်ပင်အဖျားထိတော့ မတတ်နိုင်ဘူးကွ။

**ကျား** ။ ငါပြောမယ်။ မင်းသစ်ပင်တက်ဖို့ လက်သဲရှည်ရှည်တွေလိုတယ်။ မင်းကိုယ်ကိုထိန်းနိုင်ဖို့ အမြီးတစ်ချောင်းလဲလိုတယ်ကွ။

**ပို** ။ ငါမနက်ဖြန် – ငါလေးနဲ့မြှားယူခဲ့မယ်။ ဒို့နှစ်ယောက်တောလိုက်ရအောင်။
(နောက်တစ်နေ့တွင် မောင်ပိုနဲ့ ကျားကလေးတို့ နှစ်ဦးကအပြေးပြိုင်ကြ၊ ရေကူးကြ၊ နပမ်းလုံးကြ၊ စကားပြောကြဆိုကြသည်။ မောင်ပိုနှင့်ကျားတို့လည်း ပိုမိုကြီးထွားလာကြသည်။)

**အခန်း (၂)**

**ပို** ။ (အနည်းငယ်ကစားပြီးလျှင်) ဟော့ကောင်၊ မင်းဒီနေ့ ငြိမ်နေလိုက်တာ၊ ဘာဖြစ်လို့လဲကွ

**ကျား** ။ ဒီမှာ – မင်းနဲ့ငါနဲ့ – နှစ်ဦးစလုံးကအသက်တွေ တဖြေးဖြေးကြီးလာနေပြီလေ၊ ဒို့တတွေငယ်ငယ်တုံးကတော့ မင်းနဲ့ငါနဲ့ အတူတူနေလို့ အတူတူသွားကြလာကြ၊ ကစားကြလို့ရတာပေ့ါ။ မင်းနဲ့ငါနဲ့က သူငယ်ချင်းတွေဖြစ်ကြပေမယ့် မင်းကလူ၊ ငါကကျားဆိုတဲ့ ဘဝတွေက ငါတို့နှစ်ဦးကို ခွဲခွာကြဖို့ ဖန်တီးနေပြီကွ။

**ပို** ။ မင်းကမင်းရဲ့ "ကျား" ဆိုတဲ့ဘဝကို ပျောက်သွားမှာစိုးလို့လား။ မင်းမိဖတွေက မင်းကိုကျားတစ်ကောင်လို ဟိန်းဖို့၊ တောလိုက်တတ်ဖို့သင်မပေးနိုင်လို့ စစ်မှန်တဲ့ကျားတစ်ကောင် မဖြစ်မှာ စိုးလို့လား။ လူဖြစ်တဲ့ငါနဲ့ အတူတူနေနေရလို့ စိတ်မကောင်းဖြစ်နေတာလား။ ဟော့ – မင်းကကျားဆိုမှကျားဆိုတဲ့ကျားတစ်ကောင်ပါကွ။

**ကျား** ။ ငါကကျားတော့ကျားဘဲ သူငယ်ချင်း၊ ဒါပေမဲ့ – တခြားကျားတွေနဲ့ မတွေ့ရသေးဘူး။ သူတို့နဲ့ အတူတူနေဖို့ဆိုတာလဲ မဖြစ်နိုင်သေးဘူးကွ။

**ပို** ။ ကျားတွေက တစ်ကောင်ထဲနေတတ်ကြတာကွ။ အတူတူမနေတတ်ကြဘူးလေ။

**ကျား** ။ ငါကကျားတော့ကျားဘဲ၊ ဒါပေမဲ့ ကျားအစစ်တော့ မဖြစ်နိုင်ဘူးကွ။ အဲဒီတော့။ မကြာခင်ငါထွက်သွားတော့တခြာကျား၊ တွေနဲ့မတွေ့တွေ့အောင်ရှာရအုန်းမယ်လေ။

**ပို** ။ ငါမင်းသူငယ်ချင်းတစ်ယောက်ဆိုတာ မေ့တော့မှာလားကွာ။

**ကျား** ။ မင်းကလဲအသက်တဖြေးဖြေးကြီးလာမှာ – စာသင်ရအုန်းမှာ အလုပ်လုပ်ရမှာ။ မင်းငါနဲ့တောထဲ လျှောက်သွားဖို့ဖြစ်နိုင်မှာမဟုတ်တော့ဘူး။ အဲဒီတော့မင်းလဲငါနဲ့တစ်နေ့ကျတော့ ခွဲခွာရမှာဘဲလေ။

**ပို** ။ အေး၊ မင်းနဲ့ငါနဲ့တွေချင်တိုင်းတွေ့လို့ရမှာမဟုတ်တော့ဘူး။ ဒါပေမဲ့ – တို့တတွေက သူငယ်ချင်းတွေ မဟုတ်ဘူးလား။

**ကျား** ။ မင်းကငါ့အပေါ်မှာ နားလည်မှုရှိလို့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ – မင်းတို့လူတွေက ငါတို့ကျားတွေဟာအန္တရာယ်ရှိတယ်။ ကြောက်စရာကောင်းတယ်၊ ရိုင်းတယ်လို့သိထားကြတာ။ ငါတို့ကျားတွေက တောထဲမှာ နေခဲ့ကြတာ။ လူတွေကို ငါတို့မတိုက်ခိုက်ခဲ့ကြပါဘူး။ ဒါပေမဲ့ မင်းတို့လူတွေက လယ်ယာချဲ့ထွင်စိုက်ပျိုးဖို့၊ အိမ်တွေရွာတွေချဲ့ထွင်ဖို့ ဒို့ရဲ့တောတွေကို ဖျက်ဆီးခဲ့ကြတယ်။ ရှေးတုန်းက ရသေ့တွေဟာတောထဲမှာ နေခဲ့ကြတာဘဲ။ မင်းတို့နိပါတ်ဇာတ်တော်တွေမှာလဲ ဖော်ပြထားတယ် မဟုတ်ဘူးလား။

**ပို** ။ သူငယ်ချင်းကျားရေ။ မင်းပြောတာက ရှေးတုံးကတော့ ဟုတ်ပါတယ်။ ငါသိသလောက်ကတော့ လူတွေနဲ့ တိရိစ္ဆာန်တွေက အမြဲတမ်းရန်သူတွေဘဲကွ။ ငါတို့က မင်းတို့ကို သတ်ကြတယ်။ မင်းတို့ကငါတို့ကို သတ်စားကြတယ်လေ။ အဲဒါဘယ်လိုမှ ငြင်းလို့မရတဲ့ ကိစ္စဘဲကွ။

**ကျား** ။ ငါကတော့မင်းကို မစားချင်ပါဘူး။ စားမှာမဟုတ်ပါဘူး။ မင်းကတော်တော်နံတယ်ကွ။

**ပို** ။ မင်းရဲ့ကိုယ်နဲ့၊ မင်းရဲ့ပါးစပ်တွေက ပိုတောင်နံသေးတယ်။ မင်းကိုယ်မင်းလဲနမ်းကြည့်ပါအုန်း။

**ကျား** ။ ဒို့ကျားတွေစားလို့ရတဲ့ အကောင်တွေ အများကြီးရှိတယ်။ ငါကတော့ မင်းကိုစားကိုမစားချင်ဘူး။ လုံးဝဆိုလုံးဝဘဲ။ မင်းကငါ့ကို ရန်ရှာရင်တော့ ငါကပြန်ခုခံမှာပေ့ါ။ ငါကကျားနဲ့မင်းကလူဆိုတဲ့ ဒို့နှစ်ဦးက သူငယ်ချင်းတွေဖြစ်နိုင်ကြရင် တစ်ခြားလူတွေအတွက်ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲကွ။ မင်းတို့လူတွေက ဒို့တိရိစ္ဆာန်တွေကို မလိုအပ်ဘဲနဲ့လဲသတ်ချင်သတ်တာဘဲ ၊ အကြောက်တရားနဲ့လောဘတရားတွေက မင်းတို့ကို လွှမ်းမိုးနေတာကွ။မင်းတို့ကကိုယ့်ကိုယ်ကိုကတော့ အသိဉာဏ်အကြီးမားဆုံး သတ္တဝါလို့ပြောကြတယ်၊ ထင်ကြတယ်လေ။ ငါကဘဲ ညံ့ဖျင်းတဲ့

တိရိစ္ဆာန်တစ်ကောင် အနေနဲ့နားမလယ်တာလား၊ မင်းတို့လူတွေကဘဲ တော်သလောက်ညံ့နေကြတာလား မသိပါဘူး။ ဒို့ကတော့စားဖို့ တောလိုက်တာဘဲရှိတယ်။ မလိုအပ်ရင်တော့ဒို့ဘယ်တော့မှတောမလိုက်ဘူး။

**ပို** ။ သူငယ်ချင်းကျားရေ၊ မင်းအတွေးအခေါ်ကချော်နေပြီကွ။ မင်းကပြောင်းပြန်တွေးနေတာကိုး၊ လက်တွေ့လဲမကျဘူး။ ဒို့ကဒို့ကိုကာကွယ်ဖို့မင်းတို့ကို သတ်ရတာကွ။ မင်းတို့က ငါတို့ကိုဒုက္ခမပေးဘူးဆိုရင် တောထဲမှာနေတဲ့မင်းတို့တွေကို ဂရုစိုက်မှာကိုမဟုတ်ဘူးကွ။

**ကျား** ။ မင်းကဘာမှမသိတာပါလား သူငယ်ချင်း''ဟော့ဒီမှာ။ တရုတ်တိုင်းရင်းဆေးမှာဆိုရင် ဒို့တစ်ကိုယ်လုံးမှာရှိတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကိုအင်အားလျော့နည်းနေတဲ့လူတွေအတွက်ဟိုအားဒီအားတွေရဖို့သုံးကြတယ်ကွ။ နောက်ဆုံးချမ်းသာတဲ့လူတွေက ဒို့ရဲ့အရေခွံတွေကို သူတို့ရဲ့အိမ်နံရံတွေမှာဆွဲချိတ်ထားကြသေးတယ်။ မင်းတို့လူတွေကငါတို့တိရိစ္ဆာန်တွေကိုအမြဲတမ်းဒုက္ခပေးနေကြတာလေ။ ဒို့လဲကောင်းကောင်းမနေရတော့ဘူး။မင်းတို့ကအခြေအနေအရပ်ရပ်ကိုသုံးသပ်ကြမှပေါ့။ သိရှိကြမှပေါ့။ မင်းတို့ကရှိသမျှတိရိစ္ဆာန်တွေကို မျိုးပြုတ်အောင်သတ်ဖြတ်နေကြတာဘဲ။

**ပို** ။ လူတွေက လောဘဇောတိုက်ကြတယ်။ ဘာမဆိုရှိသမျှ သိလိုကြတယ်။ ဒါပေမဲ့၊ အဲဒီဟာတွေကို မစဉ်းစားနေကြပါနဲ့တော့။ ဒို့နဲ့လဲမဆိုင်ပါဘူး။ ငါကတော့မင်းရဲ့အမွေးတစ်မျှင် တောင်မှမလိုချင်ပါဘူး။ ငါ့အတွက်ကတော့ မင်းဟာ တန်ဖိုးအရှိဆုံးသူငယ်ချင်းတစ်ဦးဘဲကွ။ မိတ်ဆွေသူငယ်ချင်းတွေဆိုတာ အချင်းချင်းနားလည်မှုရှိရမယ်လေ။ တစ်ဦးနဲ့တစ်ဦးလဲကူညီကြရမယ်။ အဲဒါမှစစ်မှန်တဲ့သူငယ်ချင်းတွေဖြစ်တာကွ။

**ကျား** ။ သတ္တဝါတွေအားလုံး အမျိုးတူကြမှ သူငယ်ချင်းဖြစ်ကြတာမဟုတ်ဖူးလား။ အဲဒီတော့မင်းနဲ့ငါနဲ့ကောသူငယ်ချင်းတွေဖြစ်နိုင်ကြပါ့မလား။

**ပို** ။ အမှန်ကတော့ သူငယ်ချင်း လူတွေဟာအချင်းချင်းစစ်မှန်တဲ့သူငယ်ချင်းတွေဖြစ်ကြဖို့အတော့်ကိုခက်ခဲတာကွ။ အစုအဖွဲ့တွေအမျိုးရှိကြတာအဖွဲ့အချင်းချင်းလဲတိုက်ခိုက်နေကြတာဘဲ။ ဒို့ထင်တာကတော့ဒို့ရွာကကောင်လေးတွေနဲ့ငါပေါင်းလို့ရမှာမဟုတ်ဘူး။ မင်းဟုတ်လို့ပေါင်းလို့ရတာကွ။

**ကျား** ။ မင်းကလူများတကာနဲ့မတူလို့ဖြစ်မှာပါ သူငယ်ချင်းရာ။

**ပို** ။ မင်းလဲငါလိုဘဲဖြစ်မှာပါကွာ။

**အခန်း (၃)**

(ပို၏အသက်ကြီးသော သရုပ်ဆောင်သူများဖြစ်ရမည်။)

**ကြေညာချက်** ။ မောင်ပိုနှင့် ကျားတို့က ယုန်များကိုတောလိုက်ကြတယ်။ မောင်ပိုက ယုန်တစ်ကောင်မိသားစုများစားရန် အိမ်သို့ ယူသွားတယ်။ ကျားကတစ်နေ့လျှင် နှစ်ကောင်သာစားတယ်။ သို့သော်တောမှာ ပျက်စီးလာတယ်။ သစ်ပင်တွေလှဲကြ၊ လမ်းဖောက်ကြ၊ လူများကသေနပ်များဖြင့် တောလိုက်ကြဆိုသလိုပြုလုပ်လာကြတယ်။ တိရိစ္ဆာန်များမှာလည်းလျော့နည်းရှားပါးလာကြလေတော့တယ်။

**ပို** ။ ငါတို့တစ်နေ့လုံး တောလိုက်တာ မျောက်တစ်ကောင်ဘဲရတယ်။ မောလိုက်တာကွာ။

**ကျား** ။ မင်းတို့လူတွေက သစ်ပင်တွေကို ခုတ်လှဲနေကြတယ်။ မီးတောင်ရှို့နေကြတယ်။ အခုဆိုရင်သစ်ပင်ကြီးတွေမရှိတော့ဘူး။ ခြုံပုတ်တွေမြက်တွေဘဲကျန်တော့တယ်ကွ။ ဒင်ကြီးငှက်တွေနဲ့ကြက်တူရွေးတွေလဲပျောက်ကွယ်သွားပြီ။

ပို ။ သစ်တုံးတွေအများကြီး တစ်ဖက်နိုင်ငံကို ခိုးထုတ်နေကြတာကိုးကွ။ လယ်သမားတွေကလဲ လယ်စိုက်ဖို့ သစ်ပင်ငယ်တွေကို မီးရှို့ပစ်ကြတယ်။လယ်မြေနေရာချဲ့ထွင်နေကြတယ်။ ငါနားမလည်တာက လူတွေကမြစ်တွေချောင်းတွေကိုလဲညစ်ညမ်းအောင်လုပ်နေကြတာဘဲ။ ငါးတွေလိပ်တွေလဲမရှိသလောက်ရှားလာပြီ။

ကျား ။ ဒို့တတွေ မပျက်မစီးတဲ့တောတွေဖြစ်ဖို့လိုအပ်တယ်ကွ။

ပို ။ အစာရေစာမရနိုင်တော့ခြေတွေသမင်တွေဆိုင်တွေဆတ်တွေလဲတောင်ပေါ်တတ်သွားကြတာဖြစ်မှာပေါ့။

ကျား ။ အဲဒီသမင်တွေဘာတွေက တောင်ပေါ်မှာဆိုရင် စားစရာမရှိလို့ ရှင်သန်နိုင်မှာမဟုတ်ဘူးကွ။ မင်းကငါ့လို ဒီနေရာမှာအမြဲရှိတာမဟုတ်ဘူး။ မုဆိုးတွေက သနပ်တွေနဲ့ သမင်တွေခြေတွေယုန်တွေကိုပစ်ခတ်စားသုံးနေကြတာကွ။ မုဆိုးတွေက ငါ့ကိုလဲချိန်တာဘဲ။ မင်းနဲ့ငါနဲ့ဒီလို အတူတူတွေ့ဆုံကြဖို့မကောင်းတော့ဘူးကွ။ မင်းကိုလဲမှားပြီးပစ်နိုင်တာဘဲ။ မင်းနဲ့ငါနဲ့ပျော်ပျော်ရွှင်ရွှင်နေခဲ့ကြတဲ့အချိန်ကကုန်တော့မယ်။ သူငယ်ချင်း။ ငါတို့နှစ်ဦးလမ်းခွဲကြပါစို့ကွာ။ ငါတို့နှစ်ဦးရဲ့ခင်မင်မှုကိုအမှတ်တရဖြစ်စေဖို့အတွက် အဲဒီယုန်ကို လဲမင်းဘဲယူသွားပါတော့ကွာ။

ပို ။ သူငယ်ချင်းရာမင်းဘဲယုန်ကိုယူလိုက်ပါ။ မင်းကငါ့ထက်ပိုပြီးလိုအပ်နေတာပါ။ မင်းဘဲဖမ်းမိတာ မင်းဘဲလိုအပ်တာပါ။ ငါ့အိမ်မှာစားစရာ တွေရှိပါတယ်။ ကြက်တွေကောကြက်ဥတွေကောရှိတယ်။ ဒီမှာသူငယ်ချင်း၊ ငါမင်းအတွက်စိတ်ပူတယ်။

.ကျား ။ မင်း – မနက်ဖြန် – ငါ့အတွက်ကြက်တစ်ကောင်ယူခဲ့ပါလားကွာ။

ပို ။ မင်းနဲ့ငါနဲ့သူငယ်ချင်းတွေဖြစ်နေတာကို ငါ့မိဘတွေကို အသိမပေးရသေးဘူးကွ။ သူတို့လဲနားလည် ကြမှာမဟုတ်ပါဘူး။

ကျား ။ ကဲ–တွေ့လား။ လူကြီးတွေကမင်းငါ့အတွက်ကြက်တစ်ကောင်ယူခဲ့ဖို့ ခွင့်ပေးမှာမဟုတ်ဘူးပေါ့။

ပို ။ ငါထင်တာကတော့မင်းကငါ့ကိုသတ်မစားဘူးလို့မပြောနိုင်ဘူးကွ။ တောလိုက်ဖို့နဲ့ သတ်ဖြတ်စားသုံးဖို့ဆိုတဲ့မင်းတို့ရဲ့သဘာဝအလျောက်မင်းငါ့ကိုသူငယ်ချင်းတစ်ယောက်ဖြစ်ပေမဲ့ သတ်မစားဘူးလို့ ပြောနိုင်ပါ့မလား ?။ မင်းတို့နဲ့ငါတို့ရဲ့သဘာဝကိုက ဒို့တတွေရဲ့ရှင်သန်နိုင်ဖို့အတွက်အစားအစာရရှိနိုင်ဖို့အတွက်၊သို့မဟုတ်ကာကွယ်ဖို့ အတွက်သတ်ကြဖြတ်ကြလေ့ရှိတာဘဲ။ မင်းနဲ့ငါနဲ့တွေ့စကထဲက အချင်းချင်းကူညီခဲ့တာဘဲ။ ဒါပေမဲ့ ဒို့နှစ်ဦးထဲကတစ်ဦးထဲဘဲကျန်ရစ်ခဲ့မယ်လို့ထင်တာဘဲ။

**အခန်း (၄)**

ကြေညာချက် ။မောင်ပိုနဲ့ကျား၊ သူငယ်ချင်းနှစ်ဦးနောက်ဆုံးတွေ့ဆုံပြီးနောက် နှစ်ရက်ခန့်အကြာမှာ မောင်ပိုဟာ ကျောင်းတက်တာနဲ့ မိဘတွေကိုကူညီပေးနေတာနဲ့ တောကိုမသွားနိုင်တော့ပါဘူး။ မောင်ပိုတောကိုသွားတဲ့အခါမှာတော့ကျားကို အင်အားချိနဲ့ပြီး မြေကြီးပေါ်မှာလဲကျနေတာကိုတွေ့မြင်ရပါတော့တယ်။

ပို ။ သူငယ်ချင်း ဘာဖြစ်နေတာလဲ မင်းနေမကောင်းလို့လား။ ဒဏ်ရာရလို့လား ။

ကျား ။ ငါ – အစာငတ်လို့သေတော့မယ်။ တောတစ်တောလုံးပျက်စီးပြီ။ မရှိတော့ဘူး။ ယုန်ဆိုလို့ တစ်ကောင်မှမရှိတော့ဘူး။ မင်းကငါ့ရဲ့သူငယ်ချင်းဆိုရင်ငါ့ကိုမင်းအိမ်ကိုခေါ်သွားပြီးတော့

မင်းရဲ့မိဘတွေနဲ့ မိတ်ဆက်ပေးပါလား။ သူငယ်ချင်းရာ။ မင်းရဲ့မိဘတွေကငါ့ကိုနားလည်ပြီးမွေးစားရင်မွေးစားမှာပေါ့ကွ။

ပို ။ မင်းပြောတာ မဖြစ်နိုင်ဘူးကွ။ လူတွေက ကျားတွေကိုကြောက်ကြတယ်လေ။ မင်းနဲ့ငါနဲ့ သူငယ်ချင်းတွေဖြစ်နေတာကိုငါ့မိဘတွေသိသွားရင်မင်းနဲ့ငါနဲ့ဆက်ပြီးတွေ့နိုင်မှာမဟုတ်တော့ဘူးကွ သူငယ်ချင်းရ။

ကျား ။ အဲဒီလိုဆိုရင်လဲမင်းရဲ့လူကြီးတွေမသိဘဲနဲ့မင်းငါ့အတွက်ကြက်တစ်ကောင်ယူခဲ့ပါလားကွာ၊ မင်းမယူခဲ့ရင် ငါတော့တော်ပြီးသေတော့မှာ သေချာတယ်။

ပို ။ ကောင်းပြီလေ။ ဒါပေမဲ့ – ဒီတစ်ခါထဲဘဲဖြစ်နိုင်တယ်ဆိုတာကိုတော့မင်းနားလည်မှဖြစ်မယ်။ မင်းရဲ့အခက်အခဲကို တစ်ခြားနည်းလမ်းနဲ့ဖြေရှင်းဖို့လဲစဉ်းစားထားအုန်းနော်။

ကျား ။ ဟုတ်ပါပြီ၊ ကောင်းပါပြီ၊ မြန်မြန်သွားယူပေးပါကွာ။

**အခန်း (၅)**

**ကြေညာချက်** ။ မောင်ပိုကအိမ်ပြန်သွားပါတယ်။ ကျားကစောင့်မျှော်နေရပါသေးတယ်။ သို့သော်မောင်ပို ကျားထံပြန်မလာနိုင်တော့ပါဘူး။ ကျားငယ်က သူကိုယ်တိုင်ကြက်တစ်ကောင်ကို ဖမ်းပြီးစားသုံးပါတော့တယ်။

ကျား ။ လွယ်လိုက်တာမှုခုမှဒါလောက်လွယ်မှန်းသိရတော့တယ်။ အစကထဲက ဒီလိုလွယ်မှန်းမသိခဲ့တာ နာတယ်ကွာ။ ငါ့အတွက်စားသုံးစရာ ဖူလုံတော့မယ်။ မောင်ပိုဆိုတဲ့အကောင်ကို အားကိုးစရာမလိုတော့ဘူး။ လူတွေကို အားကိုးလို့မဖြစ်တော့ဘူး။

ပို ။ (မောပမ်းစွာပြေးဝင်လာစေ) ဟေ့–မင်း–ကြက်တစ်ကောင်ခိုးစားတယ်မဟုတ်လား။ မင်းဘယ်လိုလုပ်လိုက်တာလဲ – ဟေ ။

ကျား ။ မင်းဘဲငါ့အတွက် ကြက်တစ်ကောင်ယူခဲ့မယ်ဆိုပြီးတော့ ပေါ်မလာဘူး။ မင်းကိုငါယုံကြည်လို့မရတော့ဘူး။ စစ်မှန်တဲ့သူငယ်ချင်းဆိုရင် ဘယ်တော့မှ လိမ်မပြောဘူးကွ။ သူငယ်ချင်းကိုလဲသေအောင်မလုပ်ဘူး။

ပို ။ ငါ– ကြက်တစ်ကောင်ကို ဖမ်းဖို့ကြိုးစားသေးတယ်။ ဒါပေမဲ့ – မိဘတွေက အလစ်မပေးဘူးကွ။ ငါမင်းကိုကူညီဖို့ကြိုးစားတယ်ဆိုတာ ယုံပါကွာ။ ညတုံးကမှောင်နေလို့ငါမင်းဆီကိုလာလို့မရတာကွ။ ခု – ပါလာတဲ့ကြက်ဥနှစ်လုံးဘဲယူပါတော့ကွာ။

ကျား ။ ကြက်ဥပေးလို့ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့မင်းရဲ့အကူအညီမလိုအပ်တော့ပါဘူး။ ငါ့ဟာငါဘဲရှာလို့ဖွေလို့ရပါပြီ။

ပို ။ မင်း–ဒို့ရွာကိုမလာနဲ့တော့ကွ။ အခုရွာသားတွေကထောင်ချောက်တွေဆင်နေကြပြီကွ။

ကျား ။ အောင်မယ်လေးလေး။ ကြက်တစ်ကောင်ထဲအတွက် ဒုက္ခပါဘဲ၊ ဒုက္ခပါဘဲ။ ငါလူတစ်ယောက်ဖြစ်ပြီး မင်းတို့ရွာရဲ့ဧည့်သည်အဖြစ် ရောက်လာတယ်ဆိုရင်တော့ ကြက်တစ်ကောင်သတ်ပြီး ဧည့်ခံကျွေးမွေးကြမှာဘဲ။ လူတွေကျတော့ငါ့တောကိုဖျက်ဆီးပစ်ကြတယ်။ကြက်တစ်ကောင်ကျတော့အပြစ်ပြောလိုက်ကြတာ။မင်းတို့လူတွေက တရားကျစရာကောင်းပါတယ်။ ဘာသာတရားလဲရှိကြတယ်ဆို ။

ပို ။ ဒို့ရွာသားတွေကမင်းရဲ့တောကို ဖျက်ဆီးခဲ့ကြတာမဟုတ်ဘူးကွ။ တစ်ခြားနေရာကလူတွေကလာပြီးဖျက်ဆီးကြတာကွ။ သစ်ပင်တွေလဲကုန်ရောသူတို့လဲ မရှိကြတော့ဘူးဆိုတာမင်းသိမှာပေါ့။ ဒို့ရွာသားတွေကကြက်တစ်ကောင်အတွက် ဂရုစိုက်ကြတာမဟုတ်

ဘူး။ သူတို့က သူတို့ရဲ့ ကျွဲတွေနွားတွေဆိတ်တွေကို မင်းကလာပြီးသတ်စားမှာ ကြောက်ကြတာကွ။နောက်ပြီးတော့သူတို့ကမင်းကအတင့်ရဲလာပြီးတော့ခဏခဏ ကြက်တွေနွားတွေဝက်တွေဆိတ်တွေကိုမင်းကလာပြီးသတ်စားမှာကိုသိကြတယ်လေ။ သူငယ်ချင်းကျားရာမင်းရွာကိုမလာပါနဲ့တော့။ တော်ကြာငါလဲမင်းကိုကူညီနိုင်မှာမဟုတ်တော့ဘူးကွ။

**ကျား** ။ ငါကလဲမင်းရဲ့အကူညီကို လုံးဝမလိုအပ်တော့ပါဘူးကွ။ ငါကကြီးထွားသန်မာတဲ့ကျားတစ်ကောင်ဖြစ်လာပြီလေ။ မင်းတို့ရွာက ဘယ်သူနဲ့ယှဉ်ပြိုင်တိုးသတ်မလဲလာခဲ့လေ။ ငါ့ကိုထောင်ချောက်ဆင်လို့ကတော့ ငါမင်းရဲ့ရွာသားတွေကိုသတ်ပစ်လိုက်မှာဘဲ။ အမြဲတမ်းလူတွေကဘဲစပြီးတိုက်နေတာဘဲ။ ပြီးတော့သူတို့တတွေဒုက္ခရာရရင်တော့ ဒို့တိရိစ္ဆာန်တွေကိုပဲအပြစ်ပြောကြတယ်။ လူတွေကြောင့် ငါ့တောမပျက်စီးဘူးဆိုရင်တော့ ငါလဲမင်းတို့ရွာအနားလုံးဝလာမှာမဟုတ်ပါဘူး။ မင်းလဲသွားပါတော့ကွာ။

**ပို** ။ သူငယ်ချင်းကျား၊ တောကထင်သလိုမဆိုးဘူးလို့ငါထင်တယ်။ မင်းနဲ့ငါနဲ့တောလိုက်ကြရအောင်။ ဒို့သားကောင်လေးရနိုင်မှာပါ။ လာကွာ။

**ကျား** ။ မလုပ်ပါနဲ့တော့ကွာ။ နေ့ပိုင်းမှာငါအပြင်ထွက်လို့မဖြစ်နိုင်တော့ဘူးကွ။ မုဆိုးတွေကငါ့ကိုပစ်သတ်မှာကွ။ ငါညအခါကျမှ အန္တရာယ်ကင်းတာကွ။ ငါ့ကိုလဲပြန်မပြောနဲ့အုန်း။ မင်းတို့ရွာသားတွေကိုဘဲ အပြစ်တင်လိုက်ကွ။

**ပို** ။ မင်းပြောတာဟုတ်ပါတယ်။ ဒါပေမယ့် ငါနဲ့တော့မဆိုင်ဘူး။ မင်းဟာငါ့သူငယ်ချင်းဘဲလေ။

**ကျား** ။ တောထဲမှာ ဆိုရင်တော့ ငါကမင်းထက် အနံ့ပိုခံနိုင်တယ်၊ နားပိုပါးတယ်၊ ပိုပြီးတော့မြန်မြန်ပြေးနိုင်တယ်။ တောလိုက်နိုင်တယ်။ ခုတော့ငါကမင်းတို့ရွာနားရောက်နေတာလေကွာ။ ငါ့အတွက်အန္တရယ်ကကြီးတယ်ကွ။ ငါ–မင်းပြောတာတွေကို အမြဲသတိရနေမှာပါကွ။မင်းလဲသတိရလိမ့်မယ်ထင်တယ်။

**အခန်း (၆)**

**ကြေညာချက်**။ အဲဒီညမှာ ကျားကရွာကိုပြန်လာပြီးတော့ ကြက်တစ်ကောင်ကို ဖမ်းခဲ့ပြီး တောသို့ပြန်ရန်ပြင်နေစဉ်မှာဘဲ ခွေးဟောင်သံများကြောင့် ရွာသားများနိုးကုန်ပါတော့တယ်။

**ရွာသား (၁)** ။အသံကြားကြလားဟေ့။ ဟိုကျားတော့လာပြန်ပြီထင်တယ်၊ မြန်မြန်လာကြဟေ့။ ကျား–ကျား–ကျား လာနေပြီကွ။ ကြိုးတွေယူခဲ့ကြဟေ့

**ကြေညာချက်** ။ မကြာမှီမှာဘဲ – ရွာသားတွေက ကျားကိုထောင်ချောက်ထဲမှာဖမ်းမိလိုက်ကြပြီးတော့ဝိုင်းပြီးစိုက်ကြည့်နေကြပါတော့တယ်။

**ရွာသား(၁)** ။ ဒီကျားတိရိစ္ဆာန်အကောင်ဟိန်းပါစေ၊ ကြိုက်သလောက်အော်ပါစေ။ ဟာ – သေအောင်အော်နေပါစေကွာ။

**ရွာသား(၂)** ။ အစွယ်တွေကိုကြည့်ပါအုန်း။ အကြီးကြီးဘဲ။ အရှည်ကြီးဘဲ။

**ရွာသား (၃)** ။ ဒီကျားကိုဖမ်းမိလို့ပေါ့။ နို့မို့ရင် ငါတို့မွေးခါက ကလေးလေးတွေကိုတောင် ဒီကောင်ကသတ်စားမှာကွ။

ရှာသား ။ ငါတို့ရဲ့ကြက်တွေလဲကုန်မှာဘဲ။
ရှာ ။ ဒို့ရဲ့ကလေးတွေကိုလဲသတ်စားမှာကွ။
ရှာ ။ နောက်ဆုံးဒို့တတွေအားလုံးသေကုန်မှာကွ။
ရှာ ။ နေပူထဲပြစ်ထားလိုက်ကွာ၊ မကြာပါဘူး၊ သေမှာပါ။
(ကျားကဟိန်းလိုက်သောအခါ ရှာသားများပြေးကြသည်။ (မှောင်လာစေ)
အသံ (၁) ။ ဟေ့ - ကျားသေပြီးလားလို့သွားကြည့်လိုက်စမ်းပါ။ ဒီကောင်သေရင်အရေခွံနဲ့ အသားတွေရောင်းစားကြမယ်ကွာ။
ရှာ (၂) ။ (ထောင်ချောက်အနီးကပ်လာပြီးပြန်ထွက်သွားစေ) မသေးသေးဘူးဗျို့ မနက်ဖြန်ဆိုရင်တော့ သေမှာသေချာတယ်။
ပို ။ (တိတ်တဆိတ်ဝင်ရောက်လာ၍) သူငယ်ချင်းကျား၊ မင်းမသေသေးဘူးဟုတ်လား။
ကျား ။ မင်းကငါ့ကိုမေးနေရသေးလားကွ။ မင်းကငါသေသေ ရှင်ရှင်ဂရုစိုက်မှာမဟုတ်ပါဘူး။
ပို ။ ငါဂရုစိုက်ပါတယ်ဟာ။
ကျား ။ ငါသေခါနီးမှာ မင်းတို့ရှာသားတွေနဲ့အတူတူငါ့ကို ဝိုင်းပြီးပြောင်ကြလှောင်ကြမလို့ မဟုတ်လား။
ပို ။ မင်းပြောတာလုံးဝမဟုတ်ဘူး။ ငါကမင်းကို ကူညီမလို့ပါကွ။ ငါဘယ်လိုကူညီရမလဲ။
ကျား ။ ငါစားဖို့တစ်ခုခုရှာပေးပါလားကွာ။
ပို ။ ငါ - ခွေးသေကောင်တစ်ကောင်တော့ယူလာတယ်။
ကျား ။ ဟာ-ငါကသေတာကြာတဲ့အကောင်ရဲ့အသားဆိုရင်တော့မစားချင်ဘူးကွ။ ဒို့အတွက် ရွံစရာကောင်းတယ်။
ပို ။ မင်းလိုအကောင်ကရွေးစရာမလိုဘူးကွ။ မင်းကရတာစားဖို့ကောင်းတယ်လေ။ တော်ကြာ နောက်တခါ ကြက်သွားခိုးစား တယ်ဆိုရင် ရှာသားတွေသိကုန်လိမ့်မယ်ကွ။
ကျား ။ (တိုးတိုးပြောစေ) သူငယ်ချင်း ဒီနေ့ညငါ့ကိုလာပြီး လွှတ်ပေးပါလားကွာ။
ပို ။ ငါ့အတွက်မဖြစ်နိုင်ဘူးကွ။
ကျား ။ ငါမြန်မြန်တောထဲရောက်အောင်ထွက်ပြေးမှာပါ။ ငါဘယ်တော့မှပြန်မလာတော့ပါဘူးကွ။ မင်းတို့အားလုံးငါ့ကိုမြင်ချင်တာတောင်မမြင်စေရပါဘူး။ မင်းတို့ရှာအစုတ်အနုတ် ကိုလဲငါမမြင်ချင်တော့ပါဘူး
ပို ။ ငါအဲဒီလိုတော့ မလုပ်ရဲဘူး။
ကျား ။ မင်းသတ္တိမရှိဘူးလား၊ မင်းလဲဘာမှမဟုတ်တာဖြစ်လာမှာမဟုတ်ဘူး။ ရှာသားတွေကလဲ မင်းကငါ့ကိုလွှတ်လိုက်တာလို့ ထင်ကြမှာမဟုတ်ဘူး။
ပို ။ မဖြစ်နိုင်ပါဘူးကွာ။
ကျား ။ ငါ့ကိုမယုံလို့လား။
ပို ။ ငါမင်းကိုယုံပါတယ်။
ကျား ။ ငါကမင်းရဲ့သူငယ်ချင်းဆို၊ မင်းကငါ့ရဲ့စစ်မှန်တဲ့သူငယ်ချင်းဟုတ်သေးလားမဟုတ်သေးဘူး လားဆိုတာငါစစ်ဆေးရမဲ့အချိန်ရောက်နေပြီကွ။ ငါလဲမင်းဆီကဘာမှမတောင်းဆိုချင်ပါဘူး။

လူတွေနဲ့ကျားတွေနဲ့ချစ်ခင်နိုင်ကြတယ်ဆိုတာကိုပြလိုက်စမ်းပါကွာ။ (မောင်ပိုထွက်သွားစေ)

**ကြေညာချက်**။ ကျားကအင်အားချိနဲ့နေပြီ ဖြစ်ပါတယ်။ အားမရှိတော့လို့ ခေါင်းလဲမထောင်နိုင်၊ ခြေတွေမလှုပ်နိုင်၊လက်တွေမလှုပ်နိုင်တော့ဘဲနဲ့မဟိန်းနိုင် မအော်နိုင်ဖြစ်နေပါပြီ။ နေရောင်ခြည် ကင်းပျောက်လို့အလင်းလည်းပျောက်လာပါပြီ။ မောင်ပိုလည်း သတိဖြင့် တဖြေးဖြေးဝင်လာပါတော့တယ်။

ပို ။ သူငယ်ချင်းကျား၊ မင်းနိုးနေလား အသက်ရှင်သေးရဲ့လားဟေ့။

ကျား ။ သူငယ်ချင်း၊ ငါမင်းပြောတာကို ဟိုတုံးကနားမထောင်ခဲ့လို့မိတာမှားပါတယ်ကွာ။ မင်းသိတဲ့အတိုင်းသတ္တဝါတွေဟာတော်တဲ့အခါမှာ စဉ်းစဉ်းစားစားမလုပ်တတ်တော့ဘူးကွာ။

ပို ။ မင်းပြောသလို ဒို့လူသားတွေကလည်း ဆင်းရဲလွန်းလို့မဟုတ်တာ၊ မသင့်လျော်တာတွေကို လုပ်တတ်ကြသလို ချမ်းသာတဲ့လူတွေကျတော့လဲ မစဉ်းမစား၊ မဆင်မချင်လုပ်တတ်ကြတယ်ကွ။

ကျား ။ ငါတို့သစ်တောတွေဟာ အတော့ကိုသာယာလှပခဲ့တယ်ဆိုတာသတိရမှာပေါ့။

ပို ။ ငါထင်တာကတော့ ဒို့လူတွေကဘဲ အလှအပကို ခံစားနိုင်ကြတယ်လို့ထင်တာဘဲ။

ကျား ။ မင်းတို့လူတွေရဲ့စိတ်ကူးနဲ့ခံစားချက်တွေက ကိုယ့်အချင်းချင်းဘဲသိနိုင်မှာပါ။ ငါမင်းကိုနှုတ်ဆက်ခဲ့ပါတယ်။ သူငယ်ချင်း။ ငါသွားရတော့မယ်။

ပို ။ ဟာ - သူငယ်ချင်း မင်းတကယ်သေတော့မလို့လား။

ကျား ။ မင်းမမြင်ဘူးလား။ ငါမထနိုင်တော့ဘူးကွ။

ပို ။ ဟာ-သူငယ်ချင်းကျားရေ။ မင်းဒါလောက်ဒုက္ခရောက်နေတာငါမကြည့်ရက်ပါဘူးကွာ။ငါထောင်ချောက်တံခါးဖွင့်ပေးပါတော့မယ်ကွာ။

ကျား ။ သူငယ်ချင်းရဲ့ စေတနာကိုတော့ ကျေးဇူးတင်ပါတယ်။ ငါ့အတွက်တော့ဘာမှမထူးတော့ပါဘူး။ ငါဘာမှမလှုပ်ရှားနိုင်တော့ဘူး။ ငါလုံးဝအားမရှိတော့ပါဘူးကွာ။

ပို ။ လွတ်လပ်မှုက အင်အားပြည့်ဝစေနေပါတယ်ကွ။ ငါထောင်ချောက်တံခါးဖွင့်ပေးလိုက်ပါပြီ (တံခါးဖွင့်ပေးစေ ) ကဲ-ငါသိပ်ချစ်တဲ့ လှပတဲ့ သူငယ်ချင်းမြန်မြန် သွားတော့ (ကျားအင်အင် ချိနဲ့နဲ့စွာထွက်လာစေ)

**အခန်း (၈)**

ပို ။ ရှာသားတွေမလာခင်မြန်မြန်ပြေးပေတော့ဟေ့။

ကျား ။ ငါအားမရှိတော့ဘူးကွ။ ငါ့ကိုကူညီပါအုန်း။ (မောင်ပိုကကျားကို ကူညီဆွဲထူပေးသည်။)

ပို ။ မင်းကအားပြတ်ပြီးတော့ ပိန်နေပေမဲ့ ငါ့အတွက်ကတော့မင်းကကြီးလွန်းတယ်လေးလွန်းတယ်ကွ။

ကျား ။ အဲဒီတော့ငါ့မင်းကိုသတ်စားပြီးမှ တောထဲသွား နိုင်မှာဘဲ။

ပို ။ မင်းကငါ့ကိုစားမလို့လား။

ကျား ။ မင်းငါ့အတွက်စား စရာယူမလာခဲ့ဘူး။ နောက်ပြီးတော့ မင်းငါ့မှာအားရှိတုံးကတော့လွှတ်မပေးခဲ့ဘူး။ မင်းစဉ်းစားကြည့်လေ။ အဲဒါမင်းရဲ့ အပြစ်ဘဲ။ ဘာဖြစ်လို့ငါကမင်းကိုမစားရမှာလဲ၊

ပို ။ ငါတို့ကသူငယ်ချင်းတွေလေ။ မင်းမသိဘူးလား။

ကျား ။ အော် - ခုလိုအခြေအနေမှာ ဘာခံစားချက်မှ မရှိတော့ဘူးကွ။

ပို ။ မင်းငါ့ကို ကျေးဇူးမတင်ဘူးလား ၊ ငါမင်းကို တတ်နိုင်သလောက်ကူညီခဲ့တယ်လေ။ အဲဒါနဲ့မလုံလောက်ဘူးလား။

**ကျား** ။ မင်းမှာလဲငါ့ကျေးဇူးတွေရှိခဲ့တာဘဲ။ တခါတလေတောလိုက်ခဲ့တဲ့အခါမင်းကဘာမှ မရတဲ့အခါ ငါကငါဖမ်းလို့ရတဲ့ယုန်ကို မင်းကောမင်းမိသားစုပါစားဖို့ပေးခဲ့သေးတာဘဲ။ ငါပြောတာနားထောင်။ ကြွက်တွေယုံတွေက မင်းတို့လယ်တောတွေထဲက ဆန်ကိုစားကြတယ်။ မင်းတို့ရဲ့စပါးပျက်စီးမှု နဲအောင်လို့ ငါကကြွက်တွေယုန်တွေကိုစားပေးတယ်။ လယ်သမားတွေကအကျိုးအမြတ်ရ ရှိကြတယ်။ ဒါပေမဲ့မင်းတို့လူတွေက ငါ့ကိုဘာကျေးဇူးတင်တတ်လို့လဲ ၊ကျေးဇူးဆိုတာဘယ်မှာလဲ၊ ငါတို့နှစ်ဦးအကြားမှာလည်း ကျေးဇူးတရားဆိုတာမရှိတော့ဘူးကွ။ အပြန်အလှန်ဘဲစားဘဲခြေ ဘဲကွ။ ငါသိပ်လိုအပ်နေတဲ့အချိန်မှာ မင်းကငါ့ကိုမကူညီခဲ့ပါဘူး။

**ပို** ။ မင်းငါ့ကို စားသင့်တယ်ဆိုရင် ငါမင်းကိုစားခွင့်ပြုမယ် ဒါပေမဲ့ – ကျေးဇူးတရားဆိုတာထားသင့် တယ်မထားသင့်ဘူးဆိုတာကိုတော့မင်းနဲ့ငါနဲ့တောကိုသွားပြီးတွေ့တဲ့သတ္တဝါတွေကိုမေးကြည့်ကြမယ်။ ငါပြောတာဟုတ်တယ်ဆိုရင်မင်းငါ့ကိုမစားရဘူး။ မဟုတ်ဘူးဆိုရင်တော့မင်းသဘောအတိုင်းဘဲ။ မင်းငါပြောတာသဘောတူလား။

**ကျား** ။ ငါကသိပ်ဆာနေတာကွ။ မင်းငါ့ကိုလိမ်လည်လှည့်ဖြားနေတယ်လို့ငါထင်တယ်။ မင်းတို့လူတွေက အတွေးအခေါ်ကြီးမားတယ်လို့ထင်နေကြပေမဲ့မဟုတ်တာတွေကို ကြံစည်နေတဲ့လူတွေဆိုတာကို ငါသိတယ်။ ဒါပေမဲ့တိရိစ္ဆာန်တစ်ကောင်က မင်းဘက်ကရှေ့နေလိုက်လို့ကတော့ငါအဲဒီ အကောင်ကို သတ်စားပြီးမင်းကို သွားခွင့်ပြုမှာဘဲ။ ဒါပေမဲ့တောထဲမှာတောကောင်တွေလျော့ နည်းလာပြီကွ။မြန်မြန်လုပ်ကြမှ။ လွယ်မဲ့ကိစ္စတော့မဟုတ်ဘူးဟ။ ငါတော်ကြာ ဆာလွန်းလို့ စိတ်ထိမ်းနိုင်မှာမဟုတ်ဘူးကွ။

(လမ်းတွင် နွားအရိုးခေါင်းကြီးကိုတွေ့ကြစေ)

**ပို** ။ နွားအရိုးခေါင်းကြီးခင်ဗျာ။ ကျွန်တော်တို့နှစ်ဦးရဲ့ပြဿနာကို ဖြေရှင်းပေးပါလားဗျာ။

**ကျား** ။ ဟော့ကောင်။ ငါအရိုးခေါင်းကြီးကိုစားလို့မရဘူးကွ။

**ခေါင်း** ။ မေးချင်တာမေးပါ။

**ပို** ။ ကျွန်တော်ကဟောဒီကျားကိုထောင်ချောက်ထဲကလွှတ်ပေးခဲ့တယ်။ ကျွန်တော်တို့နှစ်ဦးအကြားမှာ ကျေးဇူးတရားဆိုတာ မထားသင့်ဘူးလားခင်ဗျား။

**ခေါင်း** ။ ငါအရွယ်ကောင်းတုံးကလယ်သမားကငါ့ကို လယ်ထွန်နိုင်းတာနေပူမရှောင် မိုးရွာမရှောင် လုပ်ပေးခဲ့ရတယ်။ ငါအသက်ကြီးလာတော့ အလုပ်မလုပ်နိုင်တော့တဲ့အခါမှာ ငါ့ကိုစိတ်ချမ်းသာ စွာနဲ့အေးအေးဆေးဆေးသေခွင့်မပြုဘူး။ ငါ့ကိုသတ်စားခဲ့တယ်လေ။ လူတွေဟာကျေးဇူးမတင် တတ်ကြပါဘူး။ ကျားကဒီကောင်ကိုစားလိုက်တော့။

**ကျား** ။ ကဲ–သိပြီလား။ ကျေးဇူးတရားဆိုတာလက်တွေ့မှာ မရှိဘူးကွ။ မင်းတို့လူတွေက ထွင်ထားတာကွ။ နောက်ပြီးတော့မင်းတို့လူတွေက လက်တွေ့လဲမကျင့်သုံးခဲ့ဘူး။ မင်းကလီကမာမလုပ်နဲ့တော့။ မင်းရဲ့ဂုတ်ကိုကိုက်ပြီးချိုးလိုက်မယ်။ မင်းတို့လူတွေကသာငါ့တို့တိရိစ္ဆာန်တွေကို မသေမရှင် ထားပြီးမွေးမြူကြတယ် ၊ နောက်တော့။ ရက်ရက်စက်စက်သတ်ဖြတ်နေကြတယ်။ငါကမင်း ခံစားမှုအနဲဆုံးနည်းနဲ့သတ်မှာပါ။ မတတ်သာလို့သတ်စားရပေမဲ့ ထောက်ထားညှာတာမှုတော့ ငါ့မှာရှိပါသေးတယ်ကွ။

**ပို** ။ ငါ့ကိုမသတ်ပါနဲ့အုန်း သူငယ်ချင်းကျားရဲ့။ နွားအရိုးခေါင်းကြီးက သက်ရှိသတ္တဝါမဟုတ်တော့ကွ။ သူ့မှာခံစားချက်တော့ရှိမှာပေါ့။ အသက်ရှင်နေတဲ့ သတ္တဝါတစ်ဦးကသာ ငါတို့အ တွက်တရား မျှတစွာစဉ်းစားပေးနိုင်မှာပေါ့ကွ။

**ကျား** ။ မင်းဘက်ကရှေ့နေလိုက်မဲ့သူကိုပြောတာလား။ ဒီတစ်ခါထဲပဲ သဘောတူနိုင်တယ်။ ဒါပေမဲ့ငါကတော့

ဆာလှပြီ။ ဘယ်သူ့ဘာပြောပြောဂရုမစိုက်ချင်တော့ဘူး။တောထဲမှာဘာကောင်မှမကျန်တော့ဘူး။တောကမရှိတော့ဘူးကွ။ မင်းကမင်းရွာမှာဘဲနေပြီးတော့ မဟာအတွေးအခေါ်ပညာရှင်ကြီးလိုနေသင့်တယ်။ (ခရီးဆက်ကြစေ)

ပို ။ ဟိုရှေ့မှာညောင်ပင်ကြီးပါလား။ ညောင်ပင်အောက်မှာ အမောဖြေပြီး ညောင်ပင်ကြီးကိုမေးကြည့်ရအောင်။

ကျား ။ ညောင်ပင်ကစကားပြောတတ်လို့လားကွ။

ပို ။ ညောင်ပင်ကြီးခင်ဗျား။ ကျွန်တော်ကကျားကိုထောင်ချောက်ထဲက လွှတ်ပေးခဲ့ပါတယ်။ ကျားက ကျွန်တော့်ကို ကျေးဇူးမတင်လိုက်ဘူးလားခင်ဗျား။

ညောင်ပင်။ ထိ ။ ဘာကျေးဇူးတရားလဲ။ ငါ့အရိပ်အောက်မှာ လူတွေကခိုနားကြတယ်။ ဒါပေမဲ့ငါ့အကိုင်းအခက်တွေကို ခြိုးကြတယ်။ မင်းတို့ရဲ့ခြေတွေလက်တွေကိုဖြတ်ကြည့်ပါလား။ ငါ့ပန်းတွေကိုလဲခူးကြတယ်။ မင်းတို့ရဲ့ဆံပင်ကိုဆွဲနှုတ်ကြည့်ပါလား။ မင်းတို့ထင်းလိုအပ်တော့ငါ့ကိုဖြတ်ကြလှဲကြတယ် မစဉ်းမစားလုပ်တတ်ကြတာက မင်းတို့လူသားတွေဘဲ။ ငါတို့သစ်ပင်တွေရဲ့အမြစ်တွေကမြေကြီးကိုမကွဲအက်မပျက်စီးအောင်ချိန်နှောင် ထားလို့လယ်ကွက်တွေကိုရေမတိုက်စားနိုင်အောင်ထိန်းချုပ်ထားတယ်ဆိုတာမင်းတို့မသိကြဘူး။ မင်းတို့လူတွေကငါတို့သစ်ပင်တွေကို ခုတ်ကြလှဲကြတယ်။ တခါတလေကျတော့ လမ်းဖောက်ဖို့နဲ့လယ်ယာချဲ့ထွင်ဖို့ခုတ်လှဲနေကြတာဘဲ။ သစ်ပင်တွေကို မီးရှို့ရင်ငါတို့ကော မင်းတို့လူတွေအတွက်ပါဆိုးကျိုးပေးနိုင်တယ်ဆိုတာ ကိုလဲမင်းတို့မသိကြဘူးလား။

ပို ။ ဘယ်လိုပတ်သတ်လို့လဲဗျ။

ညောင်ပင် ။ လေထုညစ်ညမ်းတယ်၊ ပတ်ဝန်းကျင်ပျက်စီးတယ်ဆိုတာကိုမင်းမသိဘူးလား။ ငါပြောအုန်းမယ်။ ငှက်တွေကငါ့အပေါ်လာနားကြတယ်။ ပိုးမွှားတွေကငါ့ဆီမှာပေါက်ပွားကျက်စားနေထိုင်ကြတယ်။ ငါကတောတစ်တောလုံးကိုအကျိုးပြုခဲ့တယ်။ မင်းတို့လူတွေက "ဥတုရာသီတောကိုမှီ၏တဲ့"။ နားထောင်လို့တော့ကောင်းလိုက်တာ လက်တွေ့ကျတော့ သစ်ပင်ရှိသမျှခုတ်လှဲကြ ဆိုတဲ့ စကားကပိုမှန်တယ်။ မင်းတို့ချမ်းသာဖို့ မင်းတို့ပိုက်ဆံရဖို့ဆိုရင်မင်းတို့လူတွေဘာမဆိုလုပ်နေကြတာဘဲ။ အဲဒီလိုမင်းတို့ကလုပ်လေရာသီဥတုဖောက်ပြန်လာပြီးတော့မင်းတို့ကိုပြန်ဒုက္ခပေးနေတာကျတော့မင်းတို့က သိလဲဂရုမစိုက်ပါဘူး။ ဟေ့ - ဒီမယ် - ကျေးဇူးတရားဆိုတာ လူတွေမှာမရှိဘူး။ ဒါဘဲ။

ကျား ။ တွေ့လားတောတစ်တောလုံးကမင်းတို့လူတွေကို ပြစ်တင်ရှုံ့ချနေကြပြီ။ ငါမင်းကိုသတ်သင့်လို့သတ်မယ်။ စားသင့်လို့စားမယ်ဟေ့။

ပို ။ ငိုပြီးလျှင် ငါ့ကိုမသတ်ပါနဲ့။ မင်းနဲ့ငါနဲ့ ခင်ချင်ခဲ့ကြတာကိုမမေ့ပါနဲ့ကွာ။ ဟီး - ဟီး ။

ကျား ။ မင်းပြောစရာမလိုပါဘူး။ မင်းနဲ့ငါနဲ့ချစ်ခင်ခဲ့ကြတာ၊ အတူတူသွားကြလာကြတောလိုက်ကြတာတွေကိုငါအမြဲတမ်းသတိရနေမှာပါ။ မင်းငါ့ဖက်ကလဲ စဉ်းစားကြည့်စမ်းပါ။ မင်းသာငါဖြစ်ရင် မင်းလဲငါ့ကိုသတ်စားမှာဘဲလေ၊ မင်းအတွက်ရွေးချယ်ရာ လမ်းမရှိတော့ဘူးကွ။

ဖို ။ သူငယ်ချင်းကျားရယ်။ ငါ့ကိုနောက်ဆုံးအခွင့်အရေးတစ်ခုတော့ပေးပါကွာ။

ကျား ။ ကောင်းပြီလေ။ ကိစ္စတစ်ခုအတွက် သုံးကြိမ်ထက်တော့ အခွင့်အရေးကိုမင်းကလဲမတောင်းသင့်ဘူး။ငါကလဲမပေးသင့်ဘူးကွ။ ကျားကအသံတစ်ခုကြားရသည်။ ဘာအသံပါလိမ့် (မောင်ပိုနှင့်ကျားတို့သွားကြည့်ကြရာယုန်တစ်ကောင်ခုန်ထွက်လာပြီး ပြေးသွားသည်ကိုတွေ့ကြသည်။)

**အခန်း (၁၀)**

**ပို** ။ ယုန်ကလေးရေ။ ဒို့ကိုပြဿနာတစ်ခုဖြေရှင်းပေးဖို့ရပ်ပါအုန်း။

**ယုန်** ။ မင်းတို့ကငါ့ကိုသတ်စားမလို့မဟုတ်လား။

**ကြေညာချက်**။ ကျားကယုန်ကိုခုံအုပ်လိုက်၍ သတ်စားရန်ပြင်ပါတော့တယ်။

**ပို** ။ သူငယ်ချင်းမစားနဲ့အုန်း၊ သူ့ကိုအရင်ဆုံးမေးကြရအောင်ကွ။

**ကျား** ။ ဘာဖြစ်လို့လဲ။ ငါယုန်ကိုစားရရင်မင်းကိုစားစရာမလိုတော့ဘူးလေ။

**ယုန်** ။ (မောင်ပိုသို့)ကျားငါ့ကိုမစားစေနဲ့။ ငါမင်းကိုကူညီပါ့မယ်။

**ပို** ။ မင်းကဘဲစမေးလိုက်တော့။

**ကျား** ။ ပြီးရင်စားရမယ်ဟုတ်လား။ မင်းအတွက်ဒီယုန်ကိုဘာမှတန်ဖိုးမထားဘူးဟုတ်လား။ မင်းအသက်ချမ်းသာရာရဖို့ သူများကိုအနစ်နာခံခိုင်းမှာမဟုတ်လား။

**ပို** ။ အေး – ဟုတ်တယ် ၊ မင်းအပါအဝင်ငါလဲသတ္တဝါတွေအားလုံးအတိုင်းဘဲပေါ့ကွ။

**ကျား** ။ အေး – ခုမှ – မင်းဝန်ခံတော့တာ။ မင်းလူဖြစ်ရတာသိပ်ဘဝင်မြင့်စရာမလိုဘူးဆိုတာသိပြီပေါ့။

**ပို** ။ ရွှေယုန်ရေ ။ ငါ–ကျားကိုထောင်ချောက်ထဲကလွှတ်ပြီး သူ့ရဲ့အသက်ကိုကယ်လိုက်တယ်။ အဲဒီတော့ ကျားဟာငါ့ကိုကျေးဇူးမတင်ထိုက်ဖူးလား။ ဒါပါဘဲ။

**ယုန်** ။ အော် ––––– ဟင် ––––––။

**ကျား** ။ သိပ်စဉ်းစားမနေနဲ့။ မြန်မြန်ပြောကွာ။

**ယုန်** ။ ငါကတရားသူကြီးဖြစ်နေပြီလေ။ ဒီတော့ငါဆုံးဖြတ်ချက် မပေးခင်မှာ ဘာဖြစ်ခဲ့သလဲဆိုတာတော့ ငါအရင်ဆုံးမြင်တွေ့မှဖြစ်မယ်ကွ။

**ကျား** ။ ဟော့ – ယုန်။ ငါ့ကိုအရှုးလုပ်မနေနဲ့။ ဘာဘဲဖြစ်ဖြစ်ငါကတော့ အဲဒီရှာကိုပြန်မသွားချင်ဘူး။ ငါမင်းကို အရင်ဆုံးစားမယ်၊ နောက်ပြီးတော့မောင်ပိုကိုစားမယ်၊ ဒါဘဲ။ ဒို့ကျားတွေဟာ ထောင်ချောက်တစ်ခုအမိခံရရင်တစ်သက်လုံးမှတ်မိတယ်။ သတိထားတယ်။ နောက်တစ်ကြိမ်တော့အမိမခံနိုင်တော့ဘူး။

**ယုန်** ။ ဒီမှာ – တကမ္ဘာလုံးမှာရှိတဲ့ သတ္တဝါတွေဟာ သရုပ်ဆောင်နေကြတာကွ။ သရုပ်ဆောင်ပြဘို့ပါဘဲကွ။ ငါတရားသူကြီးတစ်ဦးအနေနဲ့ ပြောချင်တာက တော့မောင်ပိုကမင်းကို လွှတ်လိုက်တယ်လို့ မထင်ပါဘူး။ မင်းတို့နှစ်ဦးစလုံးပြောတာတွေကိုငါ မယုန်သေးဘူးကွာ။ ကျားက ထောင်ချောက်တခါးတစ်ချပ်လောက်ကတော့ လွယ်လွယ်နဲ့ဖွင့်နိုင်မှာပါ။ မင်းလိုကြီးမားအားကောင်းတဲ့ကျားက မောင်ပိုလိုအရွယ်သေးသေးအားချိနဲ့တဲ့ကောင်ကိုမလိုအပ်ပါဘူးကွ။

**ကျား** ။ ဒီလိုလေ ––––––––– ငါပြောမယ် ––––––– ဟာ ––––––––––––

**ပို** ။ ဟော့ – ကျား ''ငါကအရိုးပေါ်အရေတင်နေတဲ့အကောင်မဟုတ်ဘူးကွ။ မင်းကြည့်ပြောနော်။

**ယုန်** ။ (မောင်ပိုသို့) တော်တော့ကွာ။ (ကျားသို့) ငါ့အနေနဲ့တံခါးပျက်နေသလား၊ ကြိုးနေသလားလို့ကြည့်ဖို့ လိုတယ်ကွ။ ကြိုးနေတယ်ဆိုရင်တော့ မောင်ပိုလိမ်နေတာဘဲ။ အဲဒီလိုဆိုရင် မင်းကလဲမောင်ပိုကို စားသင့်တယ်၊ စားနိုင်တယ်ပေါ့လေ။ ကျားရေငါ့ကိုလမ်းပြပါအုန်း။ (သူတို့သုံးဦးသွားကြသည်။ မကြာမီထောင်ချောက်အနီးသို့ရောက်ရှိကြသည်။) ဟင် –––––– အေး ––––––– တံခါးကကြိုးနေတယ်လို့မပြောနိုင်ဘူး။

**ကျား** ။ မင်းအဲဒီမှာကြည့်။

**ကျား** ။ ဒီမှာတော့အားနဲ့ဆွဲလှည့်ထားတာဘဲ။
**ယုန်** ။ အင်း – ဖြစ်နိုင်ပါတယ်။
**ပို** ။ ဒါပေမဲ့ – မင်းတုံးလိုကန့်လန့်သစ်သားချောင်းက မကျိုးဘူး။ ငါကဖွင့်ပေးလိုက်တာဘဲ။
**ယုန်** ။ ဒါပေမဲ့ – ဒီတန်းကအားနည်းနေတယ်။ အားမရှိဘူး။
**ကျား** ။ ဟိုတုန်းကတော့အားကောင်းပါတယ်။
**ယုန်** ။ မဟုတ်ဘူးကွ။ မင်းရဲ့အားကောင်းတဲ့လက်နဲ့ဆိုရင် ဒီတန်းကကျိုးသွားမှာကွ။
**ကျား** ။ မဟုတ်ပါဘူး။ ငါကပတ္တာကြိုးကိုပျက်စီးအောင်လုပ်ရအုန်းမှာပေါ့။
**ယုန်** ။ ဒါပေမဲ့ – အဲဒါတွေကဘာမှမပျက်စီးသေးဘူး။
**ကျား** ။ ငါစိတ်မရှည်နိုင်တော့ဘူး။ (ထောင်ချောက်အတွင်းသို့ ဝင်သွားစေ) ဒီမှာသေသေချာချာကြည့်
**ယုန်** ။ မောင်ပို – တံခါးမြန်မြန်ပိတ်လိုက်တော့ (မောင်ပိုတံခါးပိတ်စေ။)
**ကျား** ။ (ထောင်ချောက်အတွင်းပိတ်မိသွားပြီကိုမသိသောကျားက) ဒီလိုဖြစ်တာကွ (အခြေအနေအမှန်ကိုသိသွားသောအခါ) ဟော့ကောင် မောင်ပို။ မင်းလူလိမ်ဘဲ။ ငါကတရားမျှတအောင်လို့မင်းကိုတရားသူကြီးသုံးဦးကိုမေးခွင့်ပြုတာကွ။ မင်းကိုငါစား လိုက်ရင်လဲပြီးတာဘဲ။ ဒီယုန်အကောင်စုတ်မလယ်ရှုတ်က ငါတို့ကိုတပတ်ရိုက်လိုက်တာပဲကွ။
**ယုန်** ။ ငါကမင်းတို့နှစ်ဦးရဲ့ နဂိုရ်မူလအခြေအနေကို ပြန်ပြီးဖန်တီးလိုက်တာဘဲ။ ကျားကလဲမူလနေရာရောက်ပြီးတော့ မောင်ပိုကလဲမူလနေရာမှာ ရောက်သွားကြပြီလေ။ ပိုလ်နေမြဲကျားနေမြဲဖြစ်သွားပြီလေ။ (ကျားကကြောက်မက်ဖွယ်ဟိန်းလိုက်သည်။)

**အခန်း (၁၁)**

**ကြေညာချက်** ။ ရွှေယုန် ၊ မောင်ပိုနှင့်ကျားတို့က ပရိတ်သတ်ဖက်သို့ လှည့်ကြည့်လိုက်ပြီးလျှင် "ခုဘာတွေဖြစ်နေတာလဲ၊ သိကြရဲ့လား" ဟုအသံပြိုင်မေးကြစေ။ မီးများခေတ္တမျှပိတ်လိုက်စေသို့မဟုတ်ခေါင်းလောင်းတီးစေ။ သရုပ်ဆောင်သူသုံးယောက်က နောက်ဂျွမ်းပစ်ကြစေ။ ထို့နောက် သော့ပေးရသောကလေးကစားစရာများကဲ့သို့ အတိတ်ကာလသို့ပြန်၍သွားသကဲ့သို့ဆက်လက်နောက်ကျွမ်းပစ်ကြစေ၊ တစ်ဖန်နောက်ကျွမ်းများကို ဖြေဖျောက်သည့်အနေဖြင့်ရှေ့ကျွမ်းများပြန်၍ ထိုးစေ။ အခြားနည်းလမ်းများကိုဖြည့်စွက်နိုင်ပါသည်။ ဥပမာသရုပ်ဆောင်သူများ၊ သို့မဟုတ် ပွဲကြည့်ရှုသူများကပါဝင်သရုပ်ဖော်ဆောင်ကြရန်ဖြစ်ပါသည်။

**ယုန်** ။ (ယုန် ၊ မောင်ပိုတို့နှစ်ဦးထောင်ချောက်လှောင်အိမ်အတွင်း၌ကျားတို့ရှိနေကြစေ။) မောင်ပို–မင်းအတွက်အန္တရာယ်မရှိတော့ပါဘူး။
ဒါပေမဲ့ – မင်းကလည်းငါ့ရန်သူဘဲ။ ငါမင်းနဲ့ဝေးအောင်သွားတော့မယ်။ (သွားရန်ပြင်စေ)
**ပို** ။ ကျားဆိုမှကျားရေ။ မင်းအစာတော်ပြီးတော့မင်းတဖြည်းဖြည်းသေးတော့မှာဘဲ။ မင်းကဒုက္ခရှာတော့ ဒုက္ခတွေ့တာပေါ့။ မင်းတစ်ခါကပြောဘူးသလို မင်းနဲ့ငါနဲ့ နှစ်ဦးအနက်တစ်ဦးတည်းဘဲကျန်ရစ်ခဲ့မယ်ဆိုတာခုမှန်နေပြီ။

**ဇာတ်သိမ်းခန်း** (က)

**ကျား** ။ ဟော့၊ ရွှေယုန်။ မင်းခုတော့ထွက်ပြေးတော့ပေါ့ မင်းရဲ့တောကပျက်စီးနေပြီဆိုတော့မင်းလဲတပြေးပြေးနဲ့သေမှာသေချာတယ်။

**ယုန်** ။ ငါကတော့သေမှာမဟုတ်ဘူးကွ။ ငါကလယ်ကွင်းတွေထဲသွားပြီး နူးညံ့တဲ့စပါးနံ့တွေကိုစား အုန်းမှာဘဲကွ။ ပြောရင်းဆိုရင်းသွားရေတောင်ကျလာပြီဟေ့။ ငါ – ကျားတွေကို လဲကြောက်စရာမလိုတော့ဘူးလေ။ ငါတို့ယုန်တွေလဲ ပွားများလာတော့မှကွ။ ငါတို့ယုန်တွေ က ကမ္ဘာကြီးကို (သီချင်းဆိုပြီးကစေ) ဟေ့ – ညီစေညီစေ၊ ညီညွှတ်ကြစို့ ငါတို့ယုန်တွေ (လမ်းလျှောက်တန်းလိုက်စေ)။

**ကျား** ။ (တစ်ကိုယ်တည်း)ငါသေရင်လယ်သမားတွေက ယုန်တွေပွားများလာလို့ငါ့ကို နှစ်မြောကြ မယ်ထင်ထာဘဲ။ (ယုန်သို့)ဘာပဲပြောပြောမုဆိုးတွေကမင်းတို့ယုန်တွေကို ထောင်ချောက်နဲ့ ဆင်ပြီးဖမ်းကြလိမ့်မယ်။ သေနပ်နဲ့ပစ်သက်ကြလိမ့်မယ်။ အဆိတ်တွေနဲ့သတ်လိမ့်မယ်။ မင်းကိုမင်းလယ်လှပြီလို့ မထင်နဲ့အုန်း။

**ဇာတ်သိမ်းခန်း (ခ)**

**ပို** ။ (မောင်ပိုက ယုန်ကို ဖမ်း၍) ဖိုးရွှေယုန်ရေမင်းငါ့အသက်ကို ကယ်လို့ကျေးဇူးတင်ပါတယ်ကွ။ ဒါပေမဲ့–ကျေးဇူးတုံ့ပြန်မှုဆိုတာ လေကကြီးမှာ မရှိဘူးကွ။ အဲဒီတော့ငါမင်းကိုကျားစာ ကျွေးလိုက်ပြီဟေ့။

**ယုန်** ။ ငါသေတော့မယ်မင်းလဲငတ်သေတော့မှာဘဲ။ ငါ့ကိုစားသာစားတော့။

**ကျား** ။ ဟား ငါရဲ့လက်စားခြေမှုကမင်းရဲ့အသားကိုပိုပြီးတော့ ချိုအောင်လုပ်ပေးလိုက်သလိုဘဲ။ လာခဲ့

**ယုန်** ။ အမေလေးမလုပ်ပါနဲ့၊ မလုပ်ပါနဲ့။
(ယုန်ကရုံးကန်နေစဉ် ကျားကယုန်ကိုစားတော့သည်။)

**ဇာတ်သိမ်းခန်း (ဂ)**

(မောင်ပိုနှင့်ရွှေယုန်တို့က ထောင်ချောက်အပြင်၌ ရှိနေကြစေ)

**ကျား** ။ သူငယ်ချင်းမောင်ပို ၊ အဲဒီယုတ်မာကောက်ကျစ်တဲ့ ယုန်ကိုဖမ်းပြီးငါ့ကိုပေးလိုက် တော့

**ပို** ။ ငါကလည်းအဲဒီယုန်ကိုသတ်စားတော့မလို့ကွ။ (မောင်ပိုကယုန်ကိုဖမ်းလိုက်စေ)

**ယုန်** ။ မင်းပြောတာမှန်တယ်ကွ လူတွေဟာ ကိုယ့်ဖို့ဘဲသိတဲ့ဟာတွေကွ။ ငါဟာ မောင်ပိုရဲ့အသက်သခင်ကျေးဇူးရှင် ဆိုတာမသိဘူး။ မောင်ပို၊ မင်းကလူယုတ်မာဘဲ။

**ကျား** ။ ငါကမင်းကို သနားလိမ့်မယ်လို့ မထင်နဲ့။ ကလေကချေစ်ဖိုးယုန်စုတ်ရ။

**ပို** ။ ဘာမှဆက်မပြောနဲ့တော့ ယုန်စုတ်ရေ။ ငါ့အမေကမင်းရဲ့အသားကို ချက်ပေးလိမ်မယ်။ ငါ့အစ်မကမင်းရဲ့နူညံ့တဲ့ယုန်အရေခွံနက်ကို သူ့အင်္ကျီမှာကပ်ချုပ်လိမ့်မယ်။ လယ်သမားတွေက လဲမင်းကိုသတ်လို့ငါ့ကိုချီးကြလိမ့်မယ်။ ငါတို့တတွေအားလုံးရွှေကျား သေတော့သူ့အသားကို လဲစားပြီး ကျား အသားနဲ့ကျားအရေခွံသရေတွေကိုလဲ ရောင်းပြီး တော့အမြတ်ထုတ်ကြ လိမ့်မယ်။ ဒို့မိသားစုကမင်းတို့နှစ်ကောင်တွေတောရိုင်းတိရိစ္ဆာန်တွေလျော့နည်းလာလေ ကောင်းလေဘဲကွ၊ သိကြရဲ့လား။

**ဇာတ်သိမ်းခန်း (ဃ)**

**ယုန်** ။ ဟေ့ရွှေကျား မင်းကဆာလာတော့မှဒို့ယုန်တွေကို ဖမ်းစားတာဘဲ။ လူတွေကတော့ အကြောင်းမဲ့ ယုန်တွေကိုသတ်ချင်သလိုသတ်နေကြတယ်။ အဲဒီတော့ငါမင်းကိုအပြင် ထုတ်တော့မလို့ကွ (ယုန်ကတံခါးဖွင့်ပေးလိုက်စေ)

**ကျား** ။ ငါသဘောတူတယ်။ သစ္စာဖောက်မောင်ပိုကိုသတ်စားတော့မယ်။
**ဖို** ။ ငါဘယ်တော့မှမင်းအပေါ်သစ္စာမဖောက်ခဲ့ဘူး။
**ကျား** ။ ငါကဖိုးရွှေယုန်နဲ့ဘဲမဟာမိတ်ဖွဲ့တော့မယ်ဟေ့။ ဒို့ကြွေးကြော်သံကတော့ ဒို့တိရိစ္ဆာန်တွေကလူသားတွေကို အပြတ်ရှင်းကြစို့ (ကျားနှင့်ယုန်ပြိုင်တူအော်ကြစေ)

**ဇာတ်သိမ်းခန်း (င)**

( သစ်တောဆိုင်ရာအရာရှိက ကျားသေကောင်နှင့်အတူ မောင်ပိုကိုဖမ်းစေ)

**အရာရှိ** ။ ကျားတွေကိုတောလိုက်တာ၊ ကျားတွေကိုသတ်တာ၊ ကျားကိုယ်အစိတ်အပိုင်းတွေကိုရောင်းစားတာ တရားမဝင်ဘူးဆိုတာ။ မင်းမသိဘူးလား။ ကျားတွေဟာရှားပါး တိရိစ္ဆာန်စာရင်းဝင်ဆိုတာလဲမင်းမသိဘူးလား။
**ပို** ။ ဒီကျားကလူတွေကိုသတ်စားနေတဲ့ကျားပါခင်ဗျ။
**ရှိ** ။ ဒါဖြင့်ဒို့ မင်းကိုမဖမ်းတော့ဘူး မင်းကခုခံတဲ့အနေနဲ့သတ်လိုက်တာမဟုတ်လား။
**ပို** ။ မဟုတ်ဘူး ခင်ဗျ ကျားကကျွန်တော့ကိုသတ်စားတော့မလို့ဗျ။
**ရှိ** ။ မင်းကဘယ်လိုလုပ်သိသလဲ။ မင်းကမုဆိုးဘဲမဟုတ်ဖူးလား။
**ပို** ။ ဒီကျား ကိုကကျွန်တော့ကိုသတ်စားတော့မလို့ဗျ။
**ရှိ** ။ မင်းဘယ်လိုလုပ်သိသလဲ။
**ပို** ။ ကျွန်တော့သူငယ်ချင်းကျားကကျွန်တော့ကိုပြောလို့ပါ။
**ရှိ** ။ ဘာ – သူကပြောလို့ ။ အဲဒီလိုဆိုရင် မင်းအကျဥ်းထောင်မသွားနဲ့တော့ အရူးထောင်၊ စိတ္တဇဆေးရုံကိုသာကြွပေတော့ (တစ်ဦးတည်းပြော) အောင်မလေးလေ၊ စကားပြောတဲ့ကျားတဲ့

**ဇာတ်သိမ်းခန်း (စ)**

(နွားအရိုးခေါင်းနှင့်ညောင်ပင်တို့တစ်ဖက်မှဝင်လာကြပြီးနောက်ရှေ့ကျွမ်းနောက်ကျွမ်းများပစ်ကြ ထိုးကြစေ။)

**ခေါင်း** ။ ညောင်ပင်ကြီး။ ဒီနေရာမှာဘဲ ဟန်ကျနေသလား။ ခင်ဗျားကြည့်ရတာ သိပ်ကျန်းမာပုံမပေါက်ဘူးနော်။ အကိုင်းအခက်တွေစိုပြေမှုမရှိတော့ဘူး။
**ညောင်** ။ မင်းရဲဦးချိုတွေကလဲကြမ်းလာသလိုလိုဘဲ။
**ခေါင်း** ။ လူတွေက ငါ့ရဲ့ချိုကိုမချိုးခဲ့လို့တော်သေးတာပေါ့။ လူတွေကတိရိစ္ဆာန်ချိုတွေကိုအမျိုးမျိုးလုပ်နေကြတာ။
**ညောင်** ။ မင်းနဲ့ငါတို့ထဲဒီနေရာမှကျန်နေကြတာ ကံကောင်းတယ်ကွ။ မင်းစဉ်းစားကြည့်စမ်း ဒီနေရာ ဒီဒေသမှာ ဟိုတုန်းကစိမ်းလန်းစိုပြေပြီးသာယာလှပတဲ့နေရာဖြစ်ခဲ့တာကွ။
**ခေါင်း/ညောင်** ။ (ပြိုင်တူအောင်ပြောရန်) ဒို့နှစ်ဦးတည်းဘဲကျန်ရစ်ခဲ့တယ် (နှစ်ခါပြောကားချရန်)